
ဘာသာပြန် စာရေးဆရာ - Shanhtet
ငါက အရာရာသတ်ထားရင်း
အသန်မာဆုံးဖြစ်လာခဲ့တယ်
စာစဉ် – ၉၈

## အခန်း (၁၃၈၇)

## သွေးလနက္ခတ် (၂၇)

*

ရေးမွန်စံအိမ်တော်သို့ ရိုနန် ပြန်လည်ရောက်ရှိပြီး ဒုတိယမြောက်နေ့၏ မွန်းလွဲပိုင်းအချိန်တွင် ထိုစံအိမ်အတွင်း၌ပင် ခမ်းနားထည်ဝါလှသော စေ့စပ်ကြောင်းလမ်းခြင်း မင်္ဂလာအခမ်းအနားတစ်ရပ်ကို ကျင်းပလေသည်။

ယင်းစေ့စပ်ပွဲ၏ အဓိကဇာတ်လိုက်မှာ ရိုနန်၏အစ်မဖြစ်သူ ဂျန်းနီရေးမွန်ပင် ဖြစ်ချေသည်။ ရေးမွန်မိသားစု၏ တိုက်ရိုက်မျိုးနွယ်ဖြစ်သော သူမသည် မောင်ဖြစ်သူထက် သုံးနှစ်မျှကြီးရင့်ကာ ယခုနှစ်တွင် အသက် (၂၂) နှစ် အရွယ်သို့ ရောက်ရှိနေပြီဖြစ်၏။

ဤကမ္ဘာ၏ ထုံးတမ်းအစဉ်အလာအရဆိုလျှင် မိန်းကလေးဂျန်းနီသည် အပျိုကြီးအရွယ်ဟု သတ်မှတ်ရမည့် အပိုင်းအခြားသို့ ရောက်ရှိနေပြီဖြစ်ပေသည်။

သူမ၏ စေ့စပ်ထားသူမှာကား ဂန်သာမျိုးနွယ်စုမှ တိုက်ရိုက်ဆင်းသက်လာသူ ဟာမန်ဂန်သာ အမည်ရှိသော လူငယ်တစ်ဦးပင် ဖြစ်သည်။

ဂန်သာမျိုးနွယ်သည်လည်း ထိုဒေသရှိ ဘာရွန်အဆင့်ရှိသော မှူးမတ်မျိုးနွယ်ပင်ဖြစ်ရာ ၎င်းတို့၏ စံအိမ်သည် ရေးမွန်စံအိမ်နှင့် ဆယ်ကီလိုမီတာပင် မဝေးတော့သဖြင့် အိမ်နီးချင်းများဟုပင် ဆိုနိုင်ပေသည်။

ဂျန်းနီရေးမွန်နှင့် ဟာမန်ဂန်သာတို့မှာ အသက်အရွယ်ချင်းလည်း နီးစပ်ကာ အဆင့်အတန်းချင်းလည်း တူညီကြပေရာ ၎င်းတို့၏ ထိမ်းမြားမှုမှာ ဂုဏ်ရည်ချင်း တူမျှသော ပေါင်းဖက်ခြင်းပင် ဖြစ်ပေတော့မည်။

အင်ဗီယာနိုင်ငံ၏ ဓလေ့ထုံးစံအရ စေ့စပ်ကြောင်းလမ်းခြင်း အခမ်းအနားကို သတို့သမီးလောင်း၏ နေအိမ်တွင် ကျင်းပလေ့ရှိပြီး လက်ထပ်မင်္ဂလာပွဲကိုမူ သတို့သားလောင်း၏ နေအိမ်တွင် ကျင်းပလေ့ရှိသည်။

စေ့စပ်ပွဲနေ့တွင် ရေးမွန်မိသားစုဝင်အားလုံးနီးပါး တက်ရောက်လာကြသည့်အပြင် အိမ်ထောင်ကျ၍ ခွဲခွာနေထိုင်သူများနှင့် နီးစပ်ရာဆွေမျိုးသားချင်းများလည်း စုံစုံလင်လင် ရှိနေကြသည်။

ထို့ပြင် ဖလေးတောင်းမြို့ ပတ်ဝန်းကျင်ရှိ ဒေသခံမှူးမတ်အတော်များများကလည်း အခမ်းအနားကို သက်သေအဖြစ် ကြည့်ရှုရန် လူလွှတ်၍ တက်ရောက်စေကြသည်။

စံအိမ်တော်တစ်ခုလုံးမှာလည်း အသစ်အဆန်းများဖြင့် မွမ်းမံပြင်ဆင်ထားကာ စားဖွယ်စုံလင်စွာ ခင်းကျင်းထားသည့်အပြင် မြို့ပေါ်မှ တူရိယာအဖွဲ့ကိုလည်း ငှားရမ်း၍ ဖျော်ဖြေစေရာ ပျော်ပွဲရွှင်ပွဲ အငွေ့အသက်များဖြင့် အလွန်ပင် စည်ကားသိုက်မြိုက်လှပေသည်။

မိသားစုရှိ ကလေးငယ်များမှာလည်း မြက်ခင်းပြင်ထက်တွင် ဟိုဟိုဒီဒီ ပြေးလွှားဆော့ကစားနေကြရာ အလွန်ပင် ပျော်ရွှင်နေကြ၏။

သို့သော်လည်း လူတို့၏ ခံစားချက်ဟူသည် အမြဲတမ်း တစ်သားတည်း မကျနိုင်ပေ။ ဘေးမှ ကြည့်ရှုနေသူတစ်ဦးဖြစ်သော ရိုနန်အဖို့မူ ထိုအခြင်းအရာတို့မှာ ဆူညံပူလောင်စရာများဟုသာ ခံစားနေရသည်။

သူသည် စေ့စပ်ပွဲအခမ်းအနား တစ်ခုလုံးကို သက်သေအဖြစ် စောင့်ကြည့်

နေခဲ့သော်လည်း မည်သူနှင့်မျှ နှုတ်ဆက်စကား ပြောဆိုခြင်း မရှိခဲ့ပေ။

ညနေစောင်း၌ အခမ်းအနား ပြီးမြောက်သွားကာ ဧည့်သည်တော်များ အသီးသီး ပြန်လည်ထွက်ခွာသွားချိန်မှသာ ရိုနန်အား အိမ်စေချုပ်က စာကြည့်ခန်းသို့ ဖိတ်ကြားလေသည်။

ဤအကြိမ်တွင်မူ သူသည် ဖခင် မယ်လ်ကွန်နှင့် တွေ့ဆုံရသည့်အပြင် သန်မာထွားကြိုင်းသော လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ဦးကိုလည်း တွေ့ရှိရသည်။ ထိုသူမှာကား ရေးမွန်စံအိမ်တော်၏ ညစောင့်တပ်မှူး အဲလ်ဘတ်ပင် ဖြစ်ချေသည်။

ရိုနန်က လှမ်းကြည့်လိုက်သောအခါ ကြမ်းတမ်းခက်ထန်သော ပုံစံရှိသည့် ထိုသူက သူ၏ ဖြူဖွေးလှသော သွားများကို ပေါ်အောင် ဖြီးပြလေသည်။

အိမ်စေချုပ်က အပြင်သို့ ထွက်၍ တံခါးကို ပိတ်လိုက်သောအခါ စားပွဲနောက်တွင် ထိုင်နေသော ဘာရွန်က တည်ငြိမ်သော မျက်နှာထားဖြင့် "ထိုင်ဦး... မင်းနဲ့ ဆွေးနွေးစရာ ရှိတယ်" ဟု ဆိုလာ၏။

'ဒါကတော့ ကောက်ကျစ်မှုတွေကို စပြီး ထုတ်ပြမယ့် အချိန်ပဲလား...' ဟု ရိုနန်က စိတ်ထဲမှ ကြံစည်ရင်း တည်ငြိမ်စွာဖြင့်ပင် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်ကာ "အဖေ.. ဘာများ ပြောစရာ ရှိလို့လဲ" ဟု မေးမြန်းလိုက်သည်။

ဘာရွန် မယ်လ်ကွန်သည် ရိုနန်ကို ခေတ္တမျှ စိုက်ကြည့်နေပြီးမှ "ကောင်းတဲ့ ကိစ္စပါပဲ" ဟု စကားစလာသည်။

မည်သို့သော ကောင်းသည့်ကိစ္စ ဖြစ်နိုင်ပါမည်နည်း။

သိရသည်မှာ ဘာရွန်ကတော်နှင့် ရင်းနှီးသော ချမ်းသာကြွယ်ဝသည့် မုဆိုးမတစ်ဦးသည် သူမ၏ မိသားစုသို့ ဝင်ရောက်ပေါင်းဖက်မည့် အသက်

(၂၀) ဝန်းကျင်အရွယ်၊ ချောမောပြေပြစ်ပြီး ယဉ်ကျေးသိမ်မွေ့သည့် မှုးမတ်မျိုးနွယ် လူငယ်တစ်ဦးကို ရှာဖွေနေခြင်း ဖြစ်ပေသည်။

ထိုမုဆိုးမသည် ဖလေးတောင်းမြို့နှင့် လန်ဒီမြို့ နှစ်မြို့စလုံးတွင် အိုးအိမ်တိုက်တာများနှင့် ဆိုင်ခန်းများစွာ ပိုင်ဆိုင်သည့်အပြင် အကျိုးအမြတ် များစွာရရှိသော စံအိမ်တစ်ခုကိုလည်း စီမံခန့်ခွဲနေသူ ဖြစ်သည်။

သူမတွင် မှုးမတ်အဆင့်အတန်း မရှိသော်ငြားလည်း အမှန်တကယ်ပင် ငွေကြေးကြွယ်ဝသူ ဖြစ်ပေ၏။

ဘာရွန်ကတော်က ရိုနန်အား ထိုအရည်အချင်းများနှင့် ပြည့်စုံသူဟု ယူဆသဖြင့် ၎င်းတို့အား ဖူးစာဖက်ရန် ရည်ရွယ်နေခြင်း ဖြစ်သည်။

"အရင်က ငါ မင်းအပေါ် ကောင်းကောင်းမွန်မွန် မဆက်ဆံခဲ့ဘူးဆိုတာ ငါ သိပါတယ်"

ဘာရွန် မယ်လ်ကွန်၏ လေသံမှာ အနည်းငယ် နူးညံ့သွားကာ "အမျိုးသမီးမယ်လီဆာက အသက်နည်းနည်း ကြီးနေပေမယ့် သားသမီး ရနိုင်ပါသေးတယ်၊ ပြီးတော့ သူမမှာ လန်ဒီမြို့က အဆက်အသွယ်တွေ အများကြီးရှိတော့ မင်းရဲ့ ရှေ့ရေးအတွက်လည်း အထောက်အကူ ရမှာပါ"

"မင်း ရဲအရာရှိ ဆက်မလုပ်ချင်ဘူးဆိုရင်တောင် သူမရဲ့ လုပ်ငန်းတွေထဲက တစ်ခုကို လုပ်ကိုင်ပြီး ဘာမှ ပူစရာမလိုဘဲ အေးအေးဆေးဆေး နေနိုင်တာပေါ့၊ ဒါဟာ အခွင့်အရေးကောင်းတစ်ခုလို့ ငါထင်တယ်၊ မင်း ဘယ်လိုမြင်လဲ"

ဘာရွန်က ဆွေးနွေးတိုင်ပင်သည့် လေသံဖြင့် ဆိုနေသော်ငြားလည်း သူ၏ မျက်ဝန်းများကမူ ရိုနန်အား 'ဒါဟာ ငြင်းပယ်ဖို့ မဖြစ်နိုင်တဲ့ ကိစ္စပဲ' ဟု ပြောဆိုနေသယောင် ရှိပေသည်။

ရိုနန်က ပြုံးလိုက်ကာ "ဒီလောက်အထိ အခွင့်အရေးကောင်းနေရင် အဖေပဲ သူ့မဆီမှာ ဝင်ပေါင်းလိုက်ပါလား" ဟု ပြန်လည် ပြောဆိုလိုက်၏။

"မင်း"

ဘာရွန် မယ်လ်ကွန်သည် ချက်ချင်းပင် ဒေါသချောင်းချောင်း ထွက်သွားကာ မျက်နှာတစ်ခုလုံးလည်း နီမြန်းလာပြီး လက်သီးကိုလည်း တင်းတင်းဆုပ်လိုက်မိသည်။

သို့သော်လည်း သူသည် ဒေါသကို မပေါက်ကွဲအောင် ထိန်းချုပ်လိုက်ရင်း "ဒါဆို မင်းက သဘောမတူဘူးပေ့ါလေ" ဟု မေးလိုက်သည်။

ရိုနန်က ခေါင်းညိတ်ပြကာ "မှန်တယ်၊ ကျွန်တော် လုံးဝ သဘောမတူနိုင်ပါဘူး" ဟု ပြတ်သားစွာ ဆိုလိုက်၏။

"အေးလေ... ကောင်းပြီ"

ဘာရွန် မယ်လ်ကွန်က တည်တင်းသော မျက်နှာထားဖြင့် "ရေးမွန်မိသားစုက မင်းကို (၁၉) နှစ်တိုင်တိုင် ကျွေးမွေးစောင့်ရှောက်လာခဲ့တာ၊ မင်းက မိသားစုအတွက် ဘာမှ ပြန်မလုပ်ပေးနိုင်ဘူးဆိုရင်တော့ အဲဒီအတွက် ကုန်ကျခဲ့တဲ့ ငွေကြေးတွေကို ပြန်ဆပ်၊ အဲဒါဆိုရင် မင်းကို ငါ လုံးဝ လွတ်လပ်ခွင့် ပေးမယ်" ဟု ဆိုလေသည်။

"ဒါတွေကို လွန်ခဲ့တဲ့ သုံးနှစ်ကတည်းက ရှင်းခဲ့ပြီးပြီလို့ ကျွန်တော် ထင်နေတာ"

ရိုနန်က ပြုံးလျက်ပင် "ကဲ...လိုချင်တဲ့ ပမာဏကိုသာ ပြောလိုက်ပါ"

ရန်သူ၏ ခြိမ်းခြောက်ညှစ်ယူနည်းမှာ မိုက်မဲလှသည်ဟု မဆိုနိုင်ပေ။ အကယ်၍သာ မူလခန္ဓာကိုယ်ပိုင်ရှင်သာ ဖြစ်ပါက ဤကဲ့သို့သော ဖိအားများကို ခံနိုင်ရည်ရှိမည် မဟုတ်ချေ။

သို့သော်လည်း ဝမ်းနည်းစရာမှာကား မူလခန္ဓာကိုယ်ပိုင်ရှင်၏ ဝိညာဉ်မှာ ကွယ်ပျောက်ခဲ့သည်မှာ ကြာခဲ့ပြီဖြစ်၏။ ရိုနန် ဤနေရာသို့ ပြန်လာခြင်းမှာ ကံကြမ္မာ အကျိုးအကြောင်းများကို ဖြတ်တောက်ရန်သာ ဖြစ်ပေသည်။

ဘာရွန် မယ်လ်ကွန် အလုပ်ဖြစ်မည်ဟု ထင်မှတ်ထားသော ဖိအားပေးမှုမှာ ရိုနန်၏ အကြံအစည်နှင့် ကွက်တိပင် ဖြစ်နေပေတော့သည်။

ရိုနန်၏ တုံ့ပြန်မှုကို ကြားလိုက်ရသောအခါ မယ်လ်ကွန်မှာ ခေတ္တမျှ မှင်တက်သွားကာ သူ၏ မျက်ဝန်းများမှာလည်း လှုပ်ခတ်သွားသည်။

ခေတ္တမျှ ကြာပြီးနောက် သူက သွားကြိတ်လျက် "ရွှေဒင်္ဂါးပေါင် (၂၀၀) ပေး၊ ဒါဆိုရင် ငါတို့ အဆက်အသွယ်အားလုံးကို အပြီးအပိုင် ဖြတ်တောက်ကြမယ်" ဟု ဆိုလေ၏။

ဘာရွန် မယ်လ်ကွန်က ကောင်းစွာ သိထားသည်မှာ ရိုနန်ကဲ့သို့ ကျောင်းပြီးကာစ အလုပ်ဝင်ခါစ လူငယ်တစ်ဦးအဖို့ လန်ဒီမြို့တွင် တစ်နှစ်လျှင် ရွှေဒင်္ဂါးပေါင် (၁၀) ပေါင် သို့မဟုတ် (၂၀) ခန့်သာ ဝင်ငွေရှိမည်ဖြစ်ကြောင်း ဖြစ်သည်။

စားဝတ်နေရေး စရိတ်များ နုတ်လိုက်လျှင်ပင် တစ်နှစ်၌ ရွှေဒင်္ဂါးပေါင် (၂) ပေါင်မျှ စုမိရန်ပင် မလွယ်ကူပေ။ ထို့ကြောင့် ရွှေဒင်္ဂါးပေါင် (၂၀၀) ဟူသည်မှာ ရိုနန်အဖို့ နှစ်ပေါင်းတစ်ရာတိုင်တိုင် စုဆောင်းရမည့် ငွေကြေးပမာဏ ဖြစ်ပေသည်။

သူသည် တစ်ဖက်လူအနေဖြင့် ဤမျှသော ငွေကြေးကို မည်သို့မျှ မတတ်နိုင်ဟု အခိုင်အမာ ယူဆထားခြင်း ဖြစ်ပေ၏။

"သိပ်ကောင်းတာပေါ့..."

သို့သော်လည်း ဘာရွန်အား အလွန်ပင် အံ့အားသင့်သွားစေသည်မှာကား

ရိုနန်က သူ၏ အိတ်ကပ်ထဲမှ ချက်လက်မှတ်နှစ်စောင်ကို ချက်ချင်း ထုတ်ယူလိုက်ကာ သူ၏ရှေ့ရှိ စားပွဲပေါ်သို့ တင်လိုက်ခြင်းပင် ဖြစ်သည်။

"ကျွန်တော်တို့ အကြွေးတွေ ရှင်းသွားပြီ"

ဘာရွှန် မယ်လ်ကွန်သည် သူ၏ မျက်လုံးများကိုပင် သူ မယုံကြည်နိုင်အောင် ဖြစ်သွားသည်။

အဘယ်ကြောင့်ဆိုသော် ရိုနန် ထုတ်ပေးလိုက်သော ချက်လက်မှတ်များမှာ တော်ဝင်ဘဏ်မှ ထုတ်ပေးထားသော အသားတင် ငွေသား ချက်လက်မှတ်များ ဖြစ်နေပြီး တစ်စောင်လျှင် ရွှေဒင်္ဂါးပေါင် (၁၀၀) တန်ဖိုး ရှိနေသောကြောင့် ဖြစ်ပေသည်။

သူသည် ယင်းချက်လက်မှတ်များကို မယုံကြည်နိုင်ဘဲ အကြိမ်ကြိမ် စစ်ဆေးကြည့်ရာ အတုအပမဟုတ်ဘဲ အစစ်အမှန်ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။

တော်ဝင်ဘဏ်ဟူသည်မှာ အင်ဗီယာနိုင်ငံတွင် အကြီးဆုံးနှင့် အင်အားအကြီးဆုံး ဘဏ်ဖြစ်သည့်အပြင် နိုင်ငံတော်ဘဏ်ကဲ့သို့ပင် ငွေကြေး ရိုက်နှိပ်ခွင့်ကိုပါ တစ်ဦးတည်း ပိုင်ဆိုင်ထားသဖြင့် ယုံကြည်စိတ်ချရမှုမှာ အမြင့်ဆုံးပင် ဖြစ်ပေသည်။

ဤချက်လက်မှတ် နှစ်စောင်မှာ ငွေသားနှင့် အတူတူပင် ဖြစ်ချေသည်။ သို့သော်လည်း မေးစရာရှိသည်မှာ ရိုနန်သည် ဤမျှများပြားသော ငွေကြေးများကို မည်သည့်နေရာမှ ရရှိခဲ့သနည်း ဟူသည်ပင်။ သူ၏ လစဉ် လစာငွေမှာ အလွန်ပင် နည်းပါးလှသည် မဟုတ်လော။

အတိုင်းထက်အလွန် အံ့အားသင့်နေရသဖြင့် ဘာရွှန်မှာ စကားပင် မဆိုနိုင်တော့ချေ။ သို့သော်လည်း ရိုနန်ကမူ ပြောစရာ ကျန်ရှိနေသေးသဖြင့်

ဘေးနားရှိ စာရွက်တစ်ရွက်ကို ဆွဲယူလိုက်ကာ တည်ငြိမ်စွာဖြင့်ပင် "အခု ငွေပေးပြီးပြီဆိုတော့ အကြွေးအားလုံး ရှင်းပြီးကြောင်း စာရေးပေးတာ ပိုကောင်းလိမ့်မယ်" ဟု ဆိုလိုက်၏။

အမှန်စင်စစ်တွင် ရိုနန် ဤနေရာသို့ ပြန်လာစဉ်က တစ်စောင်လျှင် (၁၀၀) တန် ရွှေဒင်္ဂါးပေါင် ချက်လက်မှတ် စုစုပေါင်း (၅) စောင်ကို ယူဆောင်လာခဲ့ခြင်း ဖြစ်သည်။

ယင်းမှာ မူလမိသားစုနှင့် ပတ်သက်သမျှ သွေးသားတော်စပ်မှုနှင့် ဆွေမျိုးကိစ္စအားလုံးကို အပြီးအပိုင် ဖြတ်တောက်ရန်အတွက်သာ ဖြစ်ပေ၏။ အဆုံး၌မူ (၂) စောင်မျှဖြင့်ပင် လုံလောက်သွားခဲ့သည်။

ဘာရွန် မယ်လ်ကွန်သည် သတိပြန်ဝင်လာသောအခါ သူ၏ မျက်နှာမှာ အလွန်ပင် ကြည့်မကောင်းအောင် ဖြစ်သွားသည်။ သူ၏ နဖူးပေါ်တွင်လည်း အကြောများမှာ ထောင်ထွက်လာကာ ချက်လက်မှတ်များကို ဆုပ်ကိုင်လျက် "ရိုနန်... ငါက မင်းရဲ့ အဖေပါကွ" ဟု ဟိန်းဟောက်လိုက်၏။

ဘာရွန်သည် အလွန်ပင် အစော်ကားခံလိုက်ရသည်ဟု ခံစားနေရသည်။

".. မင်းရဲ့ အမူအရာကို ဆင်ခြင်စမ်း"

ဘေးနားရှိ ညစောင့်တပ်မှူး အဲလ်ဘတ်ကလည်း အလွန်ပင် မကျေမနပ် ဖြစ်သွားကာ ရိုနန်၏ ဦးခေါင်းနောက်စေ့ကို လက်ဖြင့် ရိုက်နှက်ရန် လှမ်းလိုက်လေသည်။

သို့သော်လည်း သူ၏ လက်သည် ရိုနန်၏ ခေါင်းသို့ မရောက်မီမှာပင် ရိုနန်က သူ၏ လက်ကောက်ဝတ်ကို ဖမ်းဆွဲလိုက်ကာ အားဖြင့် လိမ်ချလိုက်လေတော့သည်။

"အား"

စူးရှလှသော အော်ဟစ်သံကြီး တစ်ခုမှာ ချက်ချင်းပင် ထွက်ပေါ်လာသည်။ ခက်ထန်လှသော ညစောင့်တပ်မှူးကြီးမှာ သူ၏ ညာဘက်လက်မောင်း လိမ်ချခံလိုက်ရသဖြင့် မခံမရပ်နိုင်ဖြစ်ကာ မြေပြင်ပေါ်သို့ ဒူးထောက်ကျသွားပြီး နာကျင်လွန်းသဖြင့် ထိုနေရာ၌ပင် သတိမေ့သွားလေတော့သည်။

ရိုနန်က လက်ကို လွှတ်ပေးလိုက်ရာ အဲလ်ဘတ်မှာ ကြမ်းပြင်ပေါ်သို့ ခွေခေါက်၍ လဲကျသွားလေ၏။

သူသည် မှင်တက်နေသော ဘာရွန် မယ်လ်ကွန်အား လှည့်ကြည့်လိုက်ပြီး "ပြောဖို့ မေ့သွားတယ်၊ ကျွန်တော်က အခု သာမန်ရဲအရာရှိ တစ်ယောက်မဟုတ်တော့ဘူး၊ လန်ဒီမြို့ရဲ့ တတိယနယ်မြေက စုံထောက်တစ်ယောက်ဖြစ်နေပြီ" ဟု ဆိုလိုက်သည်။

ထိုသို့ ဆိုရင်း ရိုနန်က သူ၏ ခါးကြားမှ ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်လိုက်ကာ စားပွဲပေါ်ရှိ စာရွက်ကို သေနတ်ပြောင်းဖြင့် တို့၍ တစ်ဖက်သို့ တွန်းပို့လိုက်ပြီး -

" ပြောထားတဲ့ စကားကိုတော့ ပြန်မဖျက်ဘူး မဟုတ်လား"

" အဲဒီလို မလုပ်မှာ ဟုတ်တယ်မလား"

***

## အခန်း (၁၃၈၈)
## သွေးလနက္ခတ် (၂၈)

*

ဘာရှန် မယ်လ်ကွန်သည် တုန်ရင်နေသော လက်အစုံဖြင့် ယခုလေးတင် ရေးသားပြီးစီးသွားသည့် သွေးသားတော်စပ်မှု အဆုံးသတ်ခြင်းဆိုင်ရာ ပဋိညာဉ်စာချုပ်ပေါ်သို့ သူ၏ ကိုယ်ပိုင်တံဆိပ်ကို ခပ်နှိပ်လိုက်လေသည်။

၎င်းမှာ သွေးသားတော်စပ်မှု အဆက်အသွယ်ဖြတ်တောက်သည့် ပဋိညာဉ်တစ်ခုဖြစ်ပြီး ခပ်နှိပ်လိုက်သော တံဆိပ်ပေါ်တွင်လည်း သူ၏ ကိုယ်ပိုင်သွေးများ စွန်းထင်နေသည့်အတွက် ဥပဒေကြောင်းအရ အပြည့်အဝ အကျိုးဝင်ပေသည်။

တံဆိပ်ခပ်နှိပ်လိုက်သည့် ထိုခဏ၌ ဘာရှန် မယ်လ်ကွန်မှာ ရင်ထဲတွင် ဟာလာဟင်းလင်း ဖြစ်သွားသကဲ့သို့ ခံစားလိုက်ရပြီး ပြင်းထန်သော နာကျင်မှုကိုပင် ခံစားလိုက်ရချေသည်။

မိမိ၏ နှလုံးသားမှ အသားစ တစ်ခုကို ဆွဲဖဲ့လိုက်သကဲ့သို့ပင် ရှိတော့သည်။

"ရော့... ယူသွားတော့"

သူသည် ရင်ဘတ်ထဲမှ နာကျင်မှုကို အောင့်အည်းသည်းခံကာ မျက်စိကို မှိတ်ထားလျက် စားပွဲပေါ်ရှိ စာချုပ်ကို ရှိနန်ထံသို့ တွန်းပို့ပေးလိုက်ရင်း "စုံထောက်ကြီး..." ဟု ခေါ်လိုက်သည်။

ထိုစကားလုံးများမှာ သွားကြိတ်လျက် ခက်ခဲစွာ ပြောလိုက်ရခြင်း ဖြစ်ပေသည်။

"ကျေးဇူးတင်ပါတယ်"

ရိုနန်သည် စာချုပ်ကို ယူကာ သေချာဖတ်ကြည့်ပြီး ပြဿနာတစ်စုံတစ်ရာ မရှိကြောင်း အတည်ပြုပြီးနောက် သိမ်းဆည်းလိုက်လေသည်။

ထို့နောက် သူ၏ အိတ်ကပ်ထဲမှ ရွှေဒင်္ဂါးပေါင် ချက်လက်မှတ်တစ်ခုကို ထုတ်ကာ စားပွဲပေါ်သို့ တင်ပေးလိုက်ရင်း -

"ဘာရွန်... နောင်တစ်ချိန်မှာ အဲလစ်ကို သေချာစောင့်ရှောက်ပေးဖို့ တောင်းဆိုချင်ပါတယ်။ သူမကို အငှားလယ်သမားတွေနဲ့အတူ ပင်ပင်ပန်းပန်း အလုပ်မလုပ်ခိုင်းဘဲ အသိပညာနဲ့ အတတ်ပညာတွေ သင်ယူခွင့် ပေးလိုက်ပါ" ဟု ဆိုလေသည်။

ဘာရွန် မယ်လ်ကွန်၏ မျက်နှာမှာ ချက်ချင်းဆိုသလို နီမြန်းသွားချေသည်။ မယ်လ်ကွန်တွင် တရားမဝင် သားသမီးများစွာ ရှိပေသည်။ ထိုသားသမီးများသည် အသက်မပြည့်မီချင်း စံအိမ်တော်တွင် နေထိုင်ကြီးပြင်းကြရသော်လည်း သူတို့၏ စားဝတ်နေရေးအတွက် လုပ်အားနှင့် လဲလှယ်ကြရသည်သာ ဖြစ်သည်။

ကျေးလက်နေ မှူးမတ်အများစုမှာလည်း သူတို့၏ တရားမဝင် သားသမီးများအပေါ် ထိုသို့ပင် ဆက်ဆံလေ့ရှိကြသဖြင့် မယ်လ်ကွန်အနေဖြင့် ယင်းကို မှားယွင်းသည်ဟု မထင်ခဲ့ပေ။

သို့သော်လည်း သူသည် ယခင်က ရိုနန်အပေါ်တွင် အနည်းငယ် ရက်စက်လွန်းခဲ့သည်ကိုမူ ကောင်းစွာ သတိပြုမိပေသည်။

အဲလစ်နှင့် ပတ်သက်၍မူ ယခုအခါ သူသည် သူမကို အတော်လေး ချစ်ခင်

နေမိပြီ ဖြစ်သည်။

သို့သော် ထိုတရားမဝင် သမီးငယ်လေးမှာ အရွယ်ရောက်လာသည့်အခါ ဘာရွန်ကတော်၏ တင်းကျပ်သော စည်းကမ်းအောက်တွင် နေထိုင်ရမည် ဖြစ်ပြီး ဂုဏ်ချင်းတူသူတစ်ဦးဦးနှင့် လက်ထပ်ကာ ခင်ပွန်းသည်ဘက်မှ တောင်းဆိုသည့် တင်တောင်းစရိတ်ကို ပြန်လည် ယူဆောင်ပေးရမည့်သူ သာ ဖြစ်ချေသည်။

ရိုနန် ထုတ်ပေးလိုက်သော ချက်လက်မှတ်မှာ သူ၏ မျက်နှာကို ဖြတ်ရိုက် လိုက်သကဲ့သို့ပင် ဖြစ်နေတော့သည်။

"ကောင်းပြီလေ"

ဘာရွန် မယ်လ်ကွန်သည် ထိုစကားလုံးကို သွားကြားထဲမှ မနည်း ညှစ်ထုတ်ကာ ပြောလိုက်ရသည်။ ယခုအချိန်တွင် ရိုနန်၏ ရှေ့မှောက်၌ သူ၏ ဖခင်တစ်ဦးဟူသော အရှိန်အဝါမှာ လုံးဝ ပျောက်ကွယ်နေပြီ ဖြစ်ကြောင်းကို သနားစဖွယ် ဘာရွန်ကြီးက သိရှိလိုက်ရပေသည်။

သူသည် တစ်ဖက်လူ၏ တောင်းဆိုချက်ကို ငြင်းပယ်ရန်ပင် မတတ်နိုင် သလို ယုံကြည်ချက်လည်း ကင်းမဲ့နေခဲ့ချေပြီ။

စံအိမ်တော်တွင် အင်အားအကြီးဆုံးဖြစ်သော ညစောင့်တပ်မှူး အဲလ် ဘတ်ပင်လျှင် မြေပြင်ပေါ်တွင် သတိမေ့မြောလျက် လဲလျောင်းနေရဆဲ မဟုတ်လော။

"ဒါဆိုရင် ကျွန်တော် နှုတ်ဆက်ပါတယ်"

ရိုနန်သည် မတ်တပ်ရပ်လိုက်ပြီး "တကယ်တော့... ဒါဟာ ထာဝရ နှုတ်ဆက်ခြင်း ဖြစ်သင့်တာပါ" ဟု ဆိုလိုက်သည်။ သူသည် တစ်ဖက်လူကို ဦးညွှတ်နှုတ်ဆက်ပြီးနောက် စာကြည့်ခန်းအတွင်းမှ ထွက်ခွာခဲ့လေသည်။

အခန်းထဲမှ ထွက်လာသည်နှင့် ရိုနန်သည် သူ၏ အသိစိတ်အာရုံ နက်ရှိုင်းသော နေရာတွင် ခိုအောင်းနေသည့် ကျန်ရှိနေသော အတွေးစတစ်ခုမှာ ဖြည်းညှင်းစွာ ကွယ်ပျောက်သွားသည်ကို ခံစားလိုက်ရသည်။

သို့မဟုတ်လျှင်လည်း ယင်းက သူ၏ စိတ်ဝိညာဉ်အမှတ်အသား ထဲသို့ ပေါင်းစည်းသွားခြင်း ဖြစ်တန်ရာပေသည်။

ရိုနန်သည် သူ၏ ဧည့်သည်နားနေခန်းသို့ တိတ်တဆိတ် သွားရောက်ကာ ခရီးဆောင်အိတ်ကို အမြန် ထုပ်ပိုးလိုက်သည်။

အချိန်မှာ လင့်နေပြီ ဖြစ်သော်လည်း သူသည် မနက်ဖြန်အထိ စောင့်ဆိုင်းရန် အစီအစဉ်မရှိပေ။ မည်သို့ပင်ဆိုစေ ရေးမွန်စံအိမ်တော်မှာ ဖလေးတောင်းမြို့နှင့် နှစ်မိုင်၊ သုံးမိုင်ခန့်သာ ဝေးကွာပေသည်။

ရိုနန်သည် ခရီးဆောင်အိတ်ကို ဆွဲကာ အခန်းထဲမှ ထွက်လာစဉ် အရုပ်ကလေးတစ်ရုပ်ကို ပိုက်ထားသော အဲလစ်ကို စင်္ကြံလမ်းတွင် တွေ့လိုက်ရသည်။

သူမက မော့ကြည့်ရင်း "ကိုကို... သွားတော့မလို့လား" ဟု ကြောက်ကြောက်လန့်လန့်လေး မေးရှာသည်။

"အင်း..."

ရိုနန်သည် သနားစိတ် ဖြစ်ပေါ်လာသဖြင့် ဒူးထောက်ထိုင်ကာ ညီမငယ်လေးကို ဖက်လိုက်ရင်း "ကိုကိုက နောက်တစ်ခါ ဘယ်တော့မှ ပြန်မလာတော့ဘူး၊ ညီမလေး ကိုယ့်ကိုယ်ကိုယ် သေသေချာချာ ဂရုစိုက်ရမယ်... သိလား" ဟု ဆိုလေသည်။

အဲလစ်မှာ မျက်တောင်တဖျပ်ဖျပ် ခတ်လျက် ကျလာမည့် မျက်ရည်များကို မနည်း ထိန်းထားရရှာသည်။ "ဒါဆို... ဒါဆိုရင် ညီမလေး ကိုကို့ကို နောက်

တစ်ခါ ထပ်မတွေ့ရတော့ဘူးပေါ့နော်"

ရိုနန်က "အခွင့်အရေး ရှိကောင်းရှိမှာပါ" ဟု ဆိုလိုက်ရာ အဲလစ်က "အင်း..." ဟု တိုးတိုးလေး ပြန်ထူးရှာသည်။

ရိုနန်သည် ခရီးဆောင်အိတ်ကို ပြန်မကာ အဲလစ်၏ လက်ကလေးကို ဆွဲလျက် သူမ၏ အခန်းသို့ ပြန်ပို့ပေးလိုက်သည်။ အဲလစ်က သူမ၏ အရုပ်ကလေးကို ဖက်ကာ အိပ်ပျော်သွားသည်ကို ရိုနန်က ခုတင်ဘေးတွင် ထိုင်ရင်း စောင့်ကြည့်နေခဲ့ပြီးမှ တိတ်တဆိတ် ထွက်လာခဲ့လေသည်။

သူသည် ရေးမွန်စံအိမ်တော်မှ ထွက်ခွာလာချိန်တွင် မည်သူ့ကိုမျှ အနှောင့်အယှက် မပေးခဲ့ပေ။

ထိုအချိန်တွင် လမင်းမှာ ဝင်သွားပြီ ဖြစ်သလို ကြယ်များမှာလည်း ကျဲပါးနေပြီး မြေပြင်တစ်ခွင်မှာ မှောင်အတိ ဖုံးလွှမ်းနေလေသည်။

ရိုနန်သည် ကျောက်ခဲများ ပြန့်ကျဲနေသော လမ်းမအတိုင်း အဝေးမှ ဖလေးတောင်းမြို့ဆီသို့ ဦးတည်ကာ လျှောက်လှမ်းလာခဲ့သည်။ သူ၏ ခြေလှမ်းများမှာ တစ်လှမ်းထက်တစ်လှမ်း ပေါ့ပါးလာပြီး အချိန်မရွေး ပျံတက်သွားနိုင်မည့်အလား ရှိနေတော့သည်။

သွေးလနက္ခတ်နယ်မြေ သို့ ရောက်ရှိလာချိန်မှစ၍ သူ၏ စိတ်ဝိညာဉ်ကို ချည်နှောင်ထားသည့် ထိပ်တုံးကြီးမှာ တစ်လက်မချင်းစီ ကွဲအက်လာခဲ့ချေပြီ။

သူနှင့် ဤကမ္ဘာလောကအကြားတွင် မည်သည့် အတားအဆီးမျှ မရှိတော့ကြောင်း သူ ခံစားလိုက်ရသည်။

သူ၏ စိတ်ဝိညာဉ်အမှတ်အသားမှာ လျင်မြန်စွာ အားကောင်းလာပြီး စိတ်အာရုံစွမ်းအား များကိုလည်း အရှိန်အဟုန်ဖြင့် မြင့်တက်လာစေရာ မိနစ်

အနည်းငယ်အတွင်းမှာပင် အဆင့်၄ ၏ အထွက်အထိပ်သို့ ရောက်ရှိသွားလေသည်။

ထို့နောက်တွင်မူ သူသည် အဆင့်၅သို့ ရုတ်ချည်း တက်လှမ်းသွားတော့သည်။

ရိုနန်၏ အသိစိတ်အာရုံမှာ အရပ်မျက်နှာ အနှံ့အပြားသို့ သဘာဝအလျောက် ပြန့်ကားသွားလေသည်။

ထိုစဉ်မှာပင် သူ၏ ရင်ထဲ၌ အန္တရာယ်ရှိနေသည့် ကြိုတင်နိမိတ်တစ်ခု ဖြစ်ပေါ်လာချေသည်။

ရိုနန်၏ ညာဘက် မီတာ ရာဂဏန်းခန့် အကွာရှိ မြက်ခင်းပြင်ထဲတွင် လူရိပ်မည်းတစ်ခုမှာ လေဟုန်စီးသကဲ့သို့ အရှိန်အဟုန်ဖြင့် ပြေးဝင်လာပြီး သူတို့အကြား အကွာအဝေးကို လျင်မြန်စွာ ကျဉ်းမြောင်းလာစေသည်။

ထူးဆန်းသည်မှာ ထိုလူရိပ်မှာ အသံတစ်စုံတစ်ရာ မထွက်ဘဲ ညမှောင်ရိပ်နှင့် တစ်သားတည်း ဖြစ်နေခြင်းပင်။

ထို့ပြင် ထိုလူရိပ်မည်း၏ နောက်ကွယ်တွင်လည်း နောက်ထပ် လူရိပ်တစ်ခုက မနားတမ်း လိုက်လံနေသည်ကို တွေ့ရပေသည်။

ရိုနန်က ထိုလူရိပ်မည်းရှိရာသို့ လှည့်ကြည့်လိုက်သောအခါ သွေးဆာနေသည့် နီမြန်းသော မျက်လုံးအစုံကို မြင်လိုက်ရသည်။ တစ်ဖက်လူ၏ ရန်လိုမှုမှာ ထင်ထင်ရှားရှားပင် ရှိနေချေပြီ။

ရိုနန် ရပ်တန့်လိုက်သည်နှင့် ထိုလူရိပ်မည်းမှာ ရှေ့သို့ ဝုန်းခနဲ ပြေးဝင်လာကာ ခြောက်သွေ့နေသော လက်သည်းအစုံဖြင့် သူ၏ လည်ပင်းရှိ အသက်သွေးကြောနေရာကို ပစ်မှတ်ထားကာ ထိုးနှက်လိုက်လေသည်။

ဒိုင်း… ဒိုင်း… ဒိုင်း…

စူးရှသော သေနတ်သံများမှာ မြက်ခင်းပြင်၏ တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်တော့သည်။ ပြေးဝင်လာသော အရိပ်၏ ကိုယ်ပေါ်မှ သွေးများ ပန်းထွက်သွားပြီး ကျည်ဆန်များ၏ အရှိန်ကြောင့် ၎င်း၏ ခြေလှမ်းများမှာ တန့်သွားရလေသည်။

"တောက်... ခွေးမသား"

ထိုအရိပ်မှာ နောက်သို့ ယိုင်ထွက်သွားပြီး အက်ကွဲရှတသော အသံဖြင့် ကျိန်ဆဲလိုက်ရာ နီမြန်းသော မျက်လုံးများထဲတွင်လည်း မကျေနပ်မှုနှင့် နာကျည်းမှုများ ပြည့်နှက်နေပေသည်။

ရိုနန်သည် သူ၏ လက်ကောက်ဝတ်ကို တစ်ချက်ခါလိုက်ရုံဖြင့် ခြောက်လုံးပြူး သေနတ်ပြောင်းထဲမှ ကျည်ခွံအားလုံးကို ချက်ချင်း ထုတ်ပစ်လိုက်သည်။

ထိုအချိန်တွင်မှ ရိုနန်သည် တိုက်ခိုက်သူ၏ ရုပ်သွင်ကို မြင်လိုက်ရတော့သည်။

တစ်ဖက်လူမှာ ဝတ်ရုံနက်ကြီးကို ခြုံထားပြီး ခေါင်းစွပ်အောက်မှ ထွက်ပေါ်နေသော မျက်နှာမှာ သေလူကဲ့သို့ ဖြူလျော့နေချေသည်။

တြိဂံပုံစံ မျက်လုံးများ၊ ချိတ်ကောက်သဏ္ဍာန် နှာခေါင်းနှင့် ပါးလွှာသော နှုတ်ခမ်းများအကြားမှ စူးရှသော အစွယ်နှစ်ချောင်းမှာလည်း ထွက်ပေါ်နေပေသည်။ ၎င်းမှာ အနီးကပ် ပစ်ခတ်လိုက်သော ကျည်ဆန်ခြောက်တောင့်ကို ခံယူခဲ့ရသော်လည်း ပြင်းထန်သော ဒဏ်ရာရရှိပုံ မပေါ်ချေ။

သွေးစုပ်ဖုတ်ကောင် ။

ရိုနန်သည် တစ်ဖက်လူ၏ မည်သူမည်ဝါဖြစ်ကြောင်းကို ချက်ချင်း သိလိုက်ရသည်။

သွေးစုပ်ဖုတ်ကောင်မျိုးနွယ်စုဝင်များသည် အထူးစွမ်းအားရှင် များအနက် ရှေးအကျဆုံးဖြစ်ပြီး သွေးလနက္ခတ်၏ ရေရှည်လွှမ်းမိုးမှုအောက်တွင် မျိုးရိုးဗီဇ ပြောင်းလဲသွားသူများ ဖြစ်ကြသည်။

သူတို့သည် သွေးလနက္ခတ်ကို နတ်ဘုရားအဖြစ် သတ်မှတ်ကာ ကိုးကွယ်ဆည်းကပ်ကြသူများ ဖြစ်ပေသည်။

သွေးစုပ်ဖုတ်ကောင်များသည် ညအချိန်တွင် ကြောက်မက်ဖွယ်ကောင်းသော အင်အားကို ပိုင်ဆိုင်ကြပြီး သူတို့၏ ခန္ဓာကိုယ်မှာ သာမန်သေနတ်များ၊ လက်နက်များဖြင့် ဒဏ်ရာရရန် ခဲယဉ်းလှသည်။

လက်ဗလာဖြင့် ကျား၊ ကျားသစ်များကိုပင် ဆွဲဖြဲနိုင်သည့် ခွန်အားနှင့် ထူးခြားသော ဒဏ်ရာပျောက်ကင်းနိုင်စွမ်းကိုလည်း ပိုင်ဆိုင်ထားကြသည်။

သွေးစုပ်ဖုတ်ကောင်များသည် လူသားတို့၏ သွေးကို သောက်သုံးခြင်းဖြင့် သူတို့၏ သက်တမ်းကို ရှည်ကြာစေနိုင်ပြီး အစွမ်းအထက်ဆုံးသူများမှာ မသေနိုင်သော ခန္ဓာကို ပိုင်ဆိုင်သည်ဟုပင် ဒဏ္ဍာရီများ ရှိခဲ့သည်။

နတ်ဘုရားများပင်လျှင် ထာဝရ မရှင်သန်နိုင်သည့်အတွက် မသေနိုင်ဟု ဆိုခြင်းမှာ ချဲ့ကားပြောဆိုခြင်း ဖြစ်နိုင်သော်လည်း မှောင်မိုက်သော အထူးစွမ်းအားရှင် သက်ရှိများဖြစ်သည့် သွေးစုပ်ဖုတ်ကောင်တို့၏ သမိုင်းမှာမူ အမှန်တကယ်ပင် အလွန်ရှည်လျားလှပေသည်။

သူတို့၏ သက်တမ်းမှာ လူသားတို့ထက် အဆပေါင်းများစွာ သာလွန်ပေသည်။

သို့သော်လည်း သွေးစုပ်ဖုတ်ကောင်များသည် ယာလာချပ်ကျောင်းတော်၏ အဓိက ရန်သူတော်များ ဖြစ်ကြပြီး နေရောင်အောက်တွင် မသွားလာနိုင်ကြသဖြင့် သူတို့အကြောင်းကို ပုံပြင်များထဲတွင်သာ ကြားရလေ့ရှိသည်။

လက်တွေ့ဘဝတွင်မူ သူတို့နှင့် တွေ့ဆုံရန်မှာ အလွန်ပင် ခဲယဉ်းလှပေသည်။

ရိုနန်အနေဖြင့် ရေးမွန်စံအိမ်တော်အနီးတွင် သွေးစုပ်ဖုတ်ကောင်တစ်ကောင်နှင့် တိုးနေခြင်းမှာ သူ၏ ကံကြမ္မာက အံ့အားသင့်ဖွယ် ကောင်းနေသောကြောင့်သာ ဖြစ်ပေလိမ့်မည်။

သူ၏ အတွေးများက လျင်မြန်စွာ လည်ပတ်နေသော်လည်း လက်လှုပ်ရှားမှုမှာမူ ပို၍ပင် မြန်ဆန်နေသေးသည်။ မျက်တောင်တစ်ခတ်အတွင်းမှာပင် ကျည်ဆန်ခြောက်တောင့်ကို အမြန် ပြန်လည် ဖြည့်သွင်းလိုက်လေသည်။

သူသည် ရှေ့ရှိ သွေးစုပ်ဖုတ်ကောင်ဆီသို့ သေနတ်ခလုတ်ကို နောက်တစ်ကြိမ် ဆွဲလိုက်ပြန်တော့သည်။

ထိုသွေးစုပ်ဖုတ်ကောင်မှာ ပြန်လည် တိုက်ခိုက်ရန် ပြင်နေသော်လည်း ရိုနန်၏ မယုံနိုင်စရာကောင်းသော ကျည်ဖြည့်နှုန်းကြောင့် အငိုက်မိသွားရပြီး ကိုယ်ပေါ်တွင် သွေးများ ထပ်မံ ပန်းထွက်သွားကာ ပါးစပ်မှလည်း စူးရှသော အော်ဟစ်သံကို လွှတ်ထုတ်လိုက်ရလေတော့သတည်း။

***